# ၂၀၁၉ ကျေးဇူးတော်ချီးမွမ်းခြင်းညီလာခံအတွက် သော့ချက်စာတမ်းများ
# Key Statements for the 2019 Thanksgiving Conference

အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်နှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အလိုတော်မှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို သိကျွမ်းရန်၊ ခရစ်တော်ကို တွေ့ကြုံခံစားရန်၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်၊ ခရစ်တော်နှင့် ပျော်ဝင်ပြည့်ဝရန်နှင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်နှင့် ပုဂ္ဂိုလ်ဖြစ်လာရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသက်ရှင်သောမြေအဖြစ် ခရစ်တော်၌လျှောက်လှမ်းနိုင်ပြီး၊ ကျွန်ုပ်တို့၏ ကြွယ်ဝသော မြေဆီလွှာအဖြစ် ခရစ်တော်ကို စုပ်ယူကာ၊ ၎င်း၌ ကျွန်ုပ်တို့သည် အမြစ်စွဲခြင်းရှိနိုင်သည်။ သို့မှသာ ကျွန်ုပ်တို့သည်မြေဆီလွှာမှ စုပ်ယူသော ဒြပ်သဘာဝနှင့် ကြီးထွားနိုင်ပြီး၊ ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ခရစ်တော်ဖြင့် ပြည့်ဝလာမည် ဖြစ်သည်။

ဘုရားဇာတိအဖြစ်တော်၏ပြည့်ဝပြည့်စုံခြင်းအပေါင်းတို့သည် ခရစ်တော်၌ ကိန်းဝပ်သည့်အတွက်ကြောင့်၊ကျွန်ုပ်တို့သည် ကိုယ်တော့်အထဲသို့ ထည့်သွင်းခံရသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ပြည့်ဝခြင်းခံရသည်– ဘုရားဆိုင်ရာကြွယ်ဝခြင်းများနှင့် ဖြည့်ခြင်းခံရသည်။ ကိုယ်တော်ဖြစ်သောအရာ၊ ရှိသောအရာအားလုံးတို့သည် ကျွန်ုပ်တို့ပိုင်သော အရာဖြစ်လာသည်။ ကိုယ်တော်တွေ့ကြုံခံစားခဲ့သောအရာ အားလုံးတို့သည် ကျွန်ုပ်တို့၏ သမိုင်းဖြစ်လာသည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့ထဲ၌အုပ်စိုးရန် အခွင့်ပေးမည်ဆိုပါက၊ ကျွန်ုပ်တို့သည်ခရစ်တော်၏ နှုတ်ကပတ်တော်ဖြင့် ဖြည့်ခြင်းခံမည်ဆိုပါက၊ လက်တွေ့ကျသောနည်းလမ်း၌ လူသစ်ရှိလာမည်ဖြစ်သည်။သခင်ဘုရားပြန်လည်ရယူခြင်းတစ်လျှောက်ရှိ အသင်းတော်များ၌ရှိသော သန့်ရှင်းသူအပေါင်းတို့သည် လူသစ်တစ်ဦး၌ခရစ်တော်ကို အသက်ရှင်လိမ့်မည် ဖြစ်သည်။

**Outline of the Messages for the Thanksgiving Conference**
**November 28 - December 1, 2019**

# အကြောင်းအရာ

# အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်ကို သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း

**Message One**

## အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏အလိုတော်

ဖတ်ရန်ကျမ်း။ ဗျာ၊၄း၁၁။ ဧ၊ ၁း၅၊၉၊၁၁။ ကော၊ ၁း၉–၁၀၊ ၂၇။ ၂း၆–၇။ ၃း၄၊ ၁၀–၁၁။ ၄း၁၂။

**I. ဘုရားသခင်သည် သူကျေနပ်နှစ်သိမ့်သောအလိုတော်နှင့်အညီ အကြံအစည်တော်ရှိသော ဘုရားဖြစ်သည်။ ဘုရားသခင်သည် သူ၏ အကြံအစည်တော် ပြီးမြောက်ပြည့်စုံရန် အလိုတော် ရှိသည့်အတိုင်း အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့သည်။ ဗျာ၊၄း၁၁၊ ဧ၊၁း၉–၁၁။ ကော၊၁း၉။**

က။ ဘုရားသခင်၏ အလိုတော်သည် ဘုရားသခင်၏ အလိုဆန္ဒဖြစ်ပြီး၊ ဘုရားသခင်၏ အလိုတော်မှာ ကိုယ်တော် လုပ်ဆောင်လိုသော အရာဖြစ်သည် – ဧ၊၁း၉။

ခ။ ဘုရားသခင်၏ ကောင်းသောကျေနပ်နှစ်သိမ့်ခြင်းသည် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ ကိုယ်တော်၏ ကောင်းသော ကျေနပ်နှစ်သိမ့်ခြင်းမှာ သူ၏ အလိုတော်၌ကိုယ်ထင်ရှားခဲ့သည် –ငယ်၊၅။

ဂ။ ဘုရားသခင်၏ အလိုတော်သည် သူ၏ အကြံအစည်တော်ကို သယ်ဆောင်ခြင်းအတွက် ဆုံးဖြတ်ချက်ချခြင်းဖြစ်သည် –ငယ်၊၁၁။ ၁ကော၊၁း၁။

ဃ။ ဘုရားသခင်သည် ခရစ်တော်၌ ကိုယ်တော်၏ဖွင့်ပြခြင်းအားဖြင့် ကိုယ်တော့်အလိုတော်၏ နက်နဲသောအရာကို ကျွန်ုပ်တို့အား သိစေတော်မူ၏။ ယင်းမှာ ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ် အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း အားဖြင့် ဖြစ်သည်– ဧ၊၁း၉။ ၃း၉။

င။ ကိုယ်တော်၏ အလိုတော်၏ တိုင်ပင်ခြင်းအရ ဘုရားသခင်သည် အရာအားလုံးကို လုပ်ဆောင်တော်မူသည်။ ဘုရားသခင်၏ အလိုတော်မှာ ကိုယ်တော်၏ ရည်ရွယ်ချက်ဖြစ်၍၊ ဘုရားသခင်၏ တိုင်ပင်ခြင်းမှာ အလိုတော်ကို ပြီးမြောက်ပြည့်စုံစေသော နည်းလမ်းကို ကိုယ်တော်၏ စဉ်းစားခြင်း ဖြစ်သည် – ၁း၁၁။

**II. ကောလောသဲသည် ဘုရားသခင်၏ ကြီးမြတ်သော၊ ထာဝရအလိုတော်နှင့် စပ်လျဉ်းသော စာစောင်ဖြစ်သည် – ၁း၉။ ၄း၁၂။**

က။ ဤစာစောင်၌ ဖော်ပြထားသော ဘုရားသခင်၏ အလိုတော်သည် သေးငယ်သောအကြောင်းအရာများ၌ရှိသော ကိုယ်တော်၏ အလိုတော်မဟုတ်ဘဲ၊ ယင်းသည် ဘုရားသခင်၏ ထာဝရအလိုတော်၊ ဘုရားသခင်၏ ကြီးမြတ်သော အလိုတော် ဖြစ်သည်။

ခ။ ကောလောသဲသည် စကြဝဠာတစ်ခုလုံး၌၊ ဖန်ဆင်းခြင်း၌၊ ရွေးနုတ်ခြင်း၌၊ မျက်မှောက်ခေတ်ကာလ၌၊ လာမည့်ခေတ်ကာလ၌နှင့် ထာဝရ၌ ကိုယ်တော်၏ အလိုဆန္ဒနှင့် ရည်ရွယ်ချက်အရ ဘုရားသခင်၏ အလိုတော်သည် အဘယ်အရာဖြစ်သည်ကို ဖွင့်ပြ ထားသည်– ဧ၊၁း၅၊၉၊၁၁။ ၃း၉–၁၁။ မ၊၁၆း၁၈။ ဗျာ၊၁၉း၇–၉။ ၁၁း၁၅။ ၂၁း၂။

ဂ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို ပြည့်ဝစွာ သိကျွမ်းခြင်းနှင့်ဖြည့်ခြင်းခံရန် လိုအပ်သည်–ကော၊၁း၉။

၁။ ကောလောသဲ ၁း၉၌ရှိသော ဘုရားသခင်၏ အလိုတော်ဟူသည်မှာ ခရစ်တော်နှင့်စပ်လျဉ်းသော ကိုယ်တော်၏ စီမံကိန်း၊ ကိုယ်တော်၏ ထာဝရဆိုင်ရာ အကြံအစည်နှင့်ဆိုင်သည့် သူ၏ အလိုတော်ဖြစ်သည် – ဧ၊၁း၅၊၉၊၁၁။

၂။ ဘုရားသခင်၏ အလိုတော်ကို ပြည့်ဝစွာသိကျွမ်းမှုရှိရန်မှာ ဘုရားသခင့်စီမံကိန်း၏ ဖွင့်ပြချက်ကိုရရှိခြင်းဖြစ်ပြီး၊ သို့မှသာ ကျွန်ုပ်တို့သည် စကြဝဠာ၌ ဘုရားသခင်လုပ်ဆောင်သောစီမံကိန်းကို သိလိမ့်မည်ဖြစ်သည် – ဗျာ၊ ၄း၁၁။

(က) ဘုရားသခင်၏ အစီအစဉ်မှာ ဘုရားဆိုင်ရာစီမံကိန်း၌ ခရစ်တော်ကို အရာခပ်သိမ်းဖြစ်စေရန် ဖြစ်သည် – မ၊၁၇း၅။ ကော၊၁း၁၅–၁၈။ ၃း၁၀–၁၁။

(ခ) ဘုရားသခင့်အစီအစဉ်၏ ဖွင့်ပြခြင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ပိုမိုတွေ့ကြုံခံစားမှုရရှိရန် လမ်းဖွင့်ပေးသည်– ၂း၁၆–၁၇။ ၃း၄၊ ၁၅–၁၆။

၃။ အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်ကို တွေ့ကြုံခံစားရန်နှင့် သိကျွမ်းရန် “ ဝိညာဉ်ရေးဆိုင်ရာ

ဉာဏ်ပညာအမျိုးမျိုးနှင့် သိနားလည်ခြင်း" တို့ကို လိုအပ်ပါသည်– ၁း၉။

(က) ဝိညာဉ်ဆိုင်ရာဉာဏ်ပညာနှင့် သိနားလည်ခြင်းများမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော ဘုရားသခင်၏ဝိညာဉ်တော် ဖြစ်သည်–ဧ၊ ၁း၁၇။ ၁ကော၊ ၂း၁၁–၁၂။ ဗ်း၁၇။ ၁ယော၊ ၅း၂၀။

(ခ) ဉာဏ်ပညာသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိ၍၊ ဘုရား၏ထာဝရဆိုင်ရာအလိုတော်ကို ကျွန်ုပ်တို့ သိမြင်ရန်အတွက် ဖြစ်သည်။ ဝိညာဉ်ဆိုင်ရာ သိနားလည်ခြင်းသည် ဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်ခံရသည့် ကျွန်ုပ်တို့၏ အသိဉာဏ်၌ရှိ၍၊ ၎င်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကျွန်ုပ်တို့သိမြင်ခဲ့သည့်အရာများကို သိနားလည်၍၊ အနက်ပြန်နိုင်ရန်အတွက် ဖြစ်သည် – ဧ၊ ၁း၁၇။ ၄း၂၃။

ဃ။ ကိုယ်တော်နှင့်ထိုက်လျောက်စွာ လျှောက်လှမ်းခြင်းဟူသည် ဘုရားသခင်၏ အလိုတော်ကို ပြည့်ဝစွာနားလည်သိကျွမ်းခြင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုကဲ့သို့သော လျှောက်လှမ်းခြင်းမှာ ကျွန်ုပ်တို့မှ ခရစ်တော်ကို ရှင်ထွက်သော လျှောက်လှမ်းခြင်း ဖြစ်သည်–ကော၊၁း၁၀။ ဖိ၊၁း၁၉– ၂၁က။

င။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်၌ ကြီးရင့်၍၊ စိတ်ချမှုအပြည့်ဖြင့် တည်ကြည်ခြင်းရှိရန် လိုအပ်သည်–ကော၊၄း၁၂။

## III. ကျွန်ုပ်တို့အတွက် ဘုရားသခင်၏အလိုတော်မှာ အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်ကို သိကျွမ်းရန်၊ ကိုယ်တော့်ကို တွေ့ကြုံခံစားရန်နှင့် ကျွန်ုပ်တို့၏ အသက်အဖြစ် ကိုယ်တော့်ကို အသက်ရှင်ရန် ဖြစ်သည် – ၁း၉၊၁၅–၁၈။ ၃း၄။

က။ ဘုရားသခင်၏ အလိုတော်မှာ ခရစ်တော်၌ရှိကာ၊ ခရစ်တော်ကိုအလယ်ဗဟိုထားပြီး၊ ခရစ်တော်အတွက်ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်၌ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်သည်–၁း၉။

ခ။ ခရစ်တော်သည် မူလအစဖန်ဆင်းခြင်းနှင့် ဖန်ဆင်းခြင်းအသစ် နှစ်ခုစလုံး၏သားဦးဆိုသည်မှာ ကိုယ်တော်သည် အရာအားလုံးပါဝင်သောနှင့် ကြီးမားကျယ်ပြန့်ခြင်း နှစ်ခုစလုံးဖြစ်သည်–ငယ်၊၁၅၊ ၁၈။

၁။ ကြီးမားကျယ်ပြန့်သောခရစ်တော်မှာ စကြဝဠာထက် ပို၍ကျယ်ပြောသောအရှင်နှင့် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းဖြစ်သော အရှင်ဖြစ်သည်–ဧ၊၃း၁၈။

၂။ ကယ်တင်ရှင် ခရစ်တော်၊ ကျွန်ုပ်တို့ ယုံကြည်သော သခင်ဘုရားသည် အကန့်အသတ်မဲ့သော၊ မကုန်ခန်းနိုင်သော အရှင် ဖြစ်ပြီး၊ ကိုယ်တော်သည် အကန့်အသတ်မရှိသောကြောင့်၊ ကိုယ်တော်နှင့်စပ်လျဉ်းသော ဖွင့်ပြခြင်းမှာလည်း အကန့်အသတ်မဲ့ဖြစ်ရမည် – အငယ်၊ ၂–၅၊ ၈–၉။

ဂ။ ကောလောသဲ၌ ဖွင့်ပြထားသောခရစ်တော်မှာ ဘုရားသခင့်စီမံကိန်း၏ အဝန်းနှင့် အလယ်ဗဟို ၊ စကြဝဠာဆိုင်ရာနှင့် အလယ်ဗဟိုဆိုင်ရာဖြစ်ပြီး၊ အရာခပ်သိမ်းတွင်အထွတ်အထိပ်ဖြစ်သော၊ ကြီးမားကျယ်ပြန့်သော အရာအားလုံးပါဝင်သော အရှင်ဖြစ်သည်– ၁း၁၅–၁၈၊ ၂၇။ ၂း၁၆–၁၇။ ၃း၄၊၁၀–၁၁။ ဧ၊၁း၁၀။ ၃း၁၁။

၁။ ကောလောသဲစာစောင်တွင် ဘုရားလည်းဖြစ်၊ လူ လည်းဖြစ်သောအရှင်နှင့် စကြဝဠာ၌ရှိသော အပေါင်းလက္ခဏာအရာတိုင်း၏ စစ်မှန်ခြင်းဖြစ်သည့် အရာအားလုံးပါဝင်သော ခရစ်တော်ကို ဖွင့်ပြထားသည်– ၂း၉၊ ၁၆–၁၇။

၂။ ဘုရားသခင်၏ စီမံကိန်း၌ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်– ခရစ်တော်တစ်ပါးတည်း– အံ့ဖွယ်သော၊ အထွတ်အထိပ်ဖြစ်သော၊ အလုံးစုံတို့၌အလုံးစုံဖြစ်တော်မူသော အရာအားလုံးပါဝင်သည့် ခရစ်တော်ဖြစ်သည်– မ၊ ၁၇း၅။ ကော၊၃း၁၀–၁၁။

၃။ အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်သည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဖြစ်သည်၊ ဘုရားသခင်၏ ဝေငှဖြန့်ဖြူးခြင်းမှာ ခရစ်တော်နှင့် ဆက်နွှယ်နေပြီး၊ ကိုယ်တော့်ကိုသာ ဗဟိုထားသည်– မ၊၁၇း၅။ ကော၊ ၃း၁၀–၁၁။

၄။ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ အလိုတော်၊ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ အံ့ဖွယ်သော၊ အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်နှင့် အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့၏ဖြစ်ခြင်းထဲသို့ အလုပ်လုပ်ဆောင်စေရန်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် စိမ့်ဝင်သောကြောင့် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းဖြစ်လာမည်–ကော၊၁း ၂၇။ ၃း၄၊၁၀–၁၁။

ဃ။ ဘုရားသခင်၏ အလိုတော်မှာ အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သည့် ခရစ်တော်ကို ကျွန်ုပ်တို့၏ ဝေစု၊ ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ အစိတ်အပိုင်းနှင့် ကျွန်ုပ်တို့၏ငြိမ်သက်ခြင်း ဖြစ်စေရန် ဖြစ်သည် – ၁း၉၊၁၂။ ၃း၄၊၁၀–၁၁၊၁၅။

၁။ ၁း၉၌ရှိသော ဘုရားသခင်၏ အလိုတော်မှာ ခရစ်တော်ကို ရည်ညွှန်းပြီး၊ ဘုရားသခင်၏ အလိုတော်မှာ အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်၌ ကျွန်ုပ်တို့၏ သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် ရှင်ထွက်ခြင်းတို့နှင့် ဆက်နွှယ်မှု၌ အလွန်လေးနက်သည်။

၂။ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အလိုတော်မှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို သိကျွမ်းရမည်၊ ခရစ်တော်ကို တွေ့ကြုံခံစားရမည်၊ ခရစ်တော်ကိုဝမ်းမြောက်ရမည်၊ ခရစ်တော်နှင့်စိမ့်ဝင်ပျံ့နှံ့ရမည်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်နှင့် ပုဂ္ဂိုလ်ဖြစ်လာရမည်ဖြစ်သည်–၃း၄၊၁၀–၁၁။ ဧ၊၃း၁၆–၁၇။

၃။ ဘုရားသခင်၏ အလိုတော်မှာ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်ရှိရမည်၊

ကိုယ်တော်၌လျှောက်လှမ်းသင့်သည်–ကော၊ ၂း၆။

(က) ခရစ်တော်၌လျှောက်လှမ်းရန်ဆိုသည်မှာ အသက်ရှင်၊ လှုပ်ရှား၊ ပြုမူရန်နှင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းကို ကိုယ်တော်၌ ရှိရမည်ဖြစ်သည်။

(ခ) ခရစ်တော်၌ ကျွန်ုပ်တို့ လျှောက်လှမ်းသည်နှင့် ကျွန်ုပ်တို့သည် အောက်သို့နိမ့်ဆင်းကြီးထွားကာ ခရစ်တော်၌ အမြစ်စွဲပြီး၊ အထက်ပိုင်းကြီးထွားမှုရှိရန် တည်ဆောက်ခြင်းခံရန် ဖြစ်သည်–အငယ်၊၆–၇။

င။ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်အရ အရာခပ်သိမ်းကို တန်ဖိုးဖြတ်ဆုံးဖြတ်သင့်သည်–အငယ်၊ ၈။

၁။ ခရစ်တော်သည် စစ်မှန်သော ဉာဏ်ပညာနှင့် ဉာဏ်ဘဏ္ဍာရှိသမျှ၏ အုပ်စိုးခြင်းအလေ့အလာဖြစ်ပြီး၊ စစ်မှန်သော သွန်သင်မှုရှိသမျှ၏ စစ်မှန်ခြင်းနှင့် ဘုရားသခင်သို့ လက်ခံနိုင်သော စဉ်းစားခြင်းအားလုံး၏ တစ်ခုတည်းသော တိုင်းတာခြင်းဖြစ်သည်။

၂။ ကျွန်ုပ်တို့တွင် ဘုရားသခင်၏ စီမံကိန်း၌ အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော့်နေရာ၏ ရှင်းလင်းသောအမြင်ရှိသောအခါမှသာလျှင်၊ လှည့်ဖြားခြင်းနှင့် လှည့်စားခြင်းကို ထိုးဖောက်မြင်နိုင်လိမ့်မည်။

စ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းဖြစ်သည့်တိုင် အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်နှင့်အတူ ဖြည့်သွင်းခြင်း၊ စိမ့်ဝင်ပျံ့နှံ့ခြင်းနှင့် ပျော်ဝင်ပြည့်ဝဖို့လိုပါသည်–၁း ၂၇။ ၂း၁၆–၁၇။ ၃း၄၊၁၀–၁၁။

၁။ အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှိသော်လည်း၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မြင်ရန်၊ ကိုယ်တော်ကို သိကျွမ်းရန်၊ ကိုယ်တော်နှင့် ဖြည့်ခံရန်၊ ကိုယ်တော်နှင့် စိမ့်ဝင်ပျံ့နှံ့ရန်နှင့် ကိုယ်တော်နှင့် လုံးလုံးတစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည်။

၂။ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်ကို ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး၌ဖြည့်ခံရန်နှင့် သူကိုယ်တော်တိုင်နှင့် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုတွင် အစားထိုးရန် ခွင့်ပြုသင့်ပါသည်–ဧ၊၃း၁၇။ ကော၃း၊၁၀–၁၁။

(က) ခရစ်တော်သည် ကျွန်ုပ်တို့၏ ဇာတိအသက်နှင့် ယဉ်ကျေးမှု၌ သူကိုယ်တော်တိုင်နှင့် ပို၍ အစားထိုးနေရာယူလေလေ၊ ကျွန်ုပ်တို့က "ခရစ်တော်သည် အသက်ရှင်သည်"ဟု ပို၍ကြွေးကြော်ရန် တတ်စွမ်းနိုင်လိမ့် မည်ဖြစ်သည်၊ ခရစ်တော်သည် ကျွန်ုပ်တို့ကို ပြည့်ဝစွာပိုင်ဆိုင်၊ ကျွန်ုပ်တို့ကို သိမ်းပိုက်ထားသောကြောင့် ကျွန်ုပ်တို့အသက်ရှင်ခြင်းမှာ ခရစ်တော်ဖြစ်၍ သူကိုယ်တော်တိုင်နှင့် ကျွန်ုပ်တို့အားဖြည့်ပေးသည်–ဖိ၊၁း ၂၁က။

(ခ) အရာအားလုံးပါဝင်သော ကြီးမားကျယ်ပြန့်သည့် ခရစ်တော်သည် သူကိုယ်တော်တိုင်နှင့် ကျွန်ုပ်တို့၏ ဇာတိအသက်နှင့် ယဉ်ကျေးမှု၏ဒြပ်သဘာဝတိုင်းကို အစားထိုးရန် အလိုဆန္ဒရှိသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းအဖြစ် လူသစ်တစ်ဦးဖြစ်လိမ့်မည်ဖြစ်သည်၊ ယင်းသည် ကောလောသဲစာစောင်၏ ဝေ့ချက်ဖြစ်သည်–၃း၁၀–၁၁။

© 2019 Living Stream Ministry